# သ စ အာ် ဗျ တ် ခ ရီး သည် ခု နှစ် ယောက်

ကိုခင်မောင်ဆိုသူသည် ရွှေရောင်တောက်ပသော ကမာခွံတစ်ခုကို ပင်လယ်ရေစပ်သို့ လွှင့်ပစ်လိုက်ပြီးနောက်

“အင်း ၁၅ ရက်ရှိပြီ၊ ၁၅ ရက်။ ကျုပ်တို့ သင်္ဘောနစ်သွားတာ ၁၅ ရက်ရှိပြီ။ ဘုရားမလို့ ဒီကျွန်းလေးပေါ်လာပြီး ခွေးလိုသောင်တင်နေကြတယ်။ ဘာလိုလိုနဲ့ ကျုပ်တို့ထမင်းမတွေ့ရတာ၊ တနင်္ဂနွေ ၂ ပတ်ရှိသွားပြီကော မိတ်ဆွေတို့”

ဟုညည်းညူလိုက်ရာ

“အလိုလိုမှ စိတ်ပျက်နေရတဲ့အထဲ ခင်ဗျားက ဆွမပေးစမ်းပါနဲ့ ကိုခင်မောင်”

ဟုထားဝယ်သား ကိုကျော်စံဆိုသူက မျက်နှာထားနှင့် ပြောလိုက်၏။

သူတို့သည် ကျွန်းကလေး၏ သောင်ခုံပေါ်တွင် အချို့ထိုင်လျက်၊ အချို့လျောင်းလျက်၊ အချို့အိပ်လျက်ရှိနေကြ၏၊ လူအားလုံးတို့ရန်သူကား အခြားမဟုတ် “သေမင်း” ပင်ဖြစ်သည်။ ကိုခင်မောင်သည် ကျန်လူ ၆ ယောက်တို့၏ အမည်၊ နေရပ်နှင့် အကျင့်စာရိတ္တများကိုပါ ထို ၁၅ ရက်အတွင်းတွင် ကောင်းစွာသိနှံသည်။

၁၉-- ခု၊ ဧပြီလ ၂ ရက်နေ့တွင် ဖြတ်ကျွန်းစု၏ အနောက်မြောက်ဘက် ၃၈ မိုင်ခန့် ဝေးသောနေရာတွင် ရန်ကုန် မှခရီးသည်များ တင်ဆောင်လာသော သင်္ဘောတစ်စင်းသည် လေမုန်တိုင်းဒဏ်ကြောင့် နစ်မြုပ်ပျက်စီးခဲ့ရာ အသက်ကယ် သမ္ဗန် ၂ စင်းသာ ချမ်းသာရခဲ့သည်။ သင်္ဘောသားများနှင့် ကျန် လူများ အားလုံးလိုပင် ရက်စက်ကြမ်းကြုတ်သော ပင်လယ်တွင် နစ်မြုပ်သေဆုံးခဲ့ကြရသည်။ လွတ်မြောက်လာသော သမ္ဗန် နှစ် စင်းအနက် တစ်စင်းမှာ အခြားသင်္ဘောတစ်စင်းက ကယ်သွား သလော မသိရပေ။ သို့သော်မည်သို့ပင်ဖြစ်စေ၊ ကိုခင်မောင်အပါ အဝင် လူခုနစ်ယောက်ပါသောလှေမှာ တစ်ညဉ့်လုံးလုံး ကြောက် မက်ဖွယ် လှိုင်းလုံးများကြားတွင် သေမင်းနှင့် ရင်ဆိုင်ခဲ့ရလေ သည်။ သို့သော် နံနက်လင်းသောအခါ သမ္ဗန်သည် ရေများပို လျက်နှင့်ပင် လေပြင်းတစ်ချက်သုတ်ရာသို့ ပါသွားပြီးနောက် ကံကောင်းထောက်မသဖြင့် ကျောက်ဆောင်သို့မဟုတ် အငူအစွန်း ကလေးနှင့်တူသည့်နေရာတွင် တင်နေ၏။ မည်သို့ပင်ဖြစ်စေ ကို ခင်မောင်အပါအဝင် လူခုနစ်ယောက်တို့ကား အနိုက်အတန့်အား ဖြင့် ကြောက်မက်ဖွယ် ကောင်း၍ရက်စက်ကြမ်းကြုတ်လှသည့် ပင်လယ်ကြီး ဘေးအန္တရာယ်မှ လွတ်မြောက်လေပြီ။

သူတို့သည် ရေပိုလျက်ရှိသော သမ္ဗန်ပေါ်မှ ကုန်းစွန်း ကလေးပေါ်သို့ တွားရွှဲတက်ကြသည်။ အသေမပျောက်ဤနေရာ သို့ရောက်လာသည်ကိုပင် ကျေးဇူးတင်မိကြ၏။ သမ္ဗန်ကလေး ကို မျောပါမသွားစေရန် ကျောက်စွန်းကလေးတစ်ခုတွင် ကြိုးတစ် ချောင်းဖြင့် ချည်နှောင်ထားကြ၏။

နေသည် တဖြည်းဖြည်းမြင့်လာရာ ဒီရေလည်းကျသွား ပြီဖြစ်၍ သူတို့သည်(စတုရန်း ၁ မိုင်) တစ်မိုင်ပတ်လည်ခန့်ရှိ



ကျွန်းကလေး တစ်ကျွန်းပေါ်တွင် ရောက်နေကြောင်းသိရတော့ ၏။ ဆင်ခြေလျှောရှိသော ကမ်းခြေတွင် သဲအတိဖုံးအုပ်လျက်ရှိ သော သစ်သား၊ သစ်တိုသစ်စများ၊ ငါးသေများဖြင့် လွှမ်းလျက် ရှိ၏။ ခပ်ဝေးဝေးရှိ ညွန်များထဲတွင်ကား ကမာကောင်များကိုတွေ့ ရ၍ ၎င်းတို့ကိုစားသောက်ရသဖြင့်သာ သူတို့မှာ ဤမျှအထိနေ နိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

သို့နှင့် သမ္ဗန်ပေါ်တွင် ပါလာသော ရေစည်ကလေး နှစ်လုံးမှ ရေကိုချွေတာ၍ သောက်ကာ ကမာများကို စားသောက် ၍ အသက်ရှင်ခဲ့ကြ၏။ ပထမ၌ ဝမ်းမြောက်မိကြ၏။ ဒုတိယ အမျှော်လင့်ကြီးမျှော်လင့်မိကြ၏။ နောက်ဆုံး ဝမ်းနည်းစိတ်ပျက် မိကြတော့၏။

ဤသို့လျှင် အနီး ပတ်ဝန်းကျင်သို့ ဖြတ်လာသည့် သင်္ဘောများမြင်နိုင်ရန် နေ့အချိန်၌ ရှပ်အင်္ကျီအစုတ်မှ အဝတ်စတစ် ခုကို တက်တစ်ချောင်းဖြင့် အလံလွှင့်ထူထား၏။ ညဉ့်အခါ၌မူ ကျွန်းကမ်းခြေတွင် တင်နေသည့် သစ်သားအတိုအစများကို ရှိုင် သမျှ စုဆောင်းကြပြီးလျှင် မီးဖိုကြီးတစ်ခုဖို၍ ထားလေသည်။ ဒီရေတက်ချိန်၌ ကျွန်းကလေးတစ်ကျွန်းလုံးမှာ ရေလွှမ်း၍ သွား ပြီးလျှင် ထိုကုန်းမြင့်ကလေးသာ ရေပေါ်တွင်ပေါ်၍ ကျန်ရစ်ခဲ့၏။ သို့နှင့်ရေကျချိန်တွင် ၇ ယောက်သားတို့သည် ညွန်များထဲတွင် ကမာကောင်များကို လိုက်လံရှာဖွေကာ စားသောက်ကြရကုန်၏။ မည်သည့် အချိန်အခါတွင် ကယ်ဆယ်သူနှင့်တွေ့မည်ကို မသိရ သော စိတ်ဓာတ်ဖြင့် မျှော်လင့်ချက် ကင်းမဲ့လှမတတ် ရှိနေသော သူတို့အဖို့ကား ကြောက်မက်ဖွယ်လည်းကောင်း၊ ငြီးငွေ့စရာ လည်းကောင်း၊ ဖျင်းရိဖွယ်လည်းကောင်းလှတော့သည်။

သို့သော် လူ(၇)ယောက်တို့သည် ရေစည်ကလေး ၂

စည်မှသောက်ရေဖြင့် မည်မျှကြာသည်အထိ အသက်ရှင်နေနိုင်မည်ကို ကိုခင်မောင် စဉ်းစားမိ၏။ လူ(၇)ယောက်လုံးပင် မိမိတို့တွေ့ကြုံခံစားရမည့် ဒုက္ခကို ကောင်းကောင်းကြီးသိရှိ နားလည်၏။ သို့ပင်ဖြစ်လင့်ကစား မည်သူမှ နုတ်ဖြင့်ထုတ်ဖော်ပြောဆိုခြင်းမပြုသည်ကို စိတ်ထဲက အသီးသီးအံ့သြချီးကျူးမိကြသည်။ နေ၏အလင်းရောင်သည် တဖြည်းဖြည်းမှေးမှိန်၍ သွားသည်တွင် ကိုခင်မောင်သည် အဖော်(၆)ယောက်တို့၏ မျက်နှာကို မှေးမှိန်သော အလင်းရောင်၌ ကြည့်ကာ သင်္ဘောပျက်ခဲ့သည် အချိန်မှစ၍ ယခုအချိန်အထိ တွေ့ကြုံခံစားခဲ့ရသော ဒုက္ခများကို တနံ့နံ့ပြန်ပြောင်း စဉ်းစားမိခဲ့၏။

သူ၏ အဖော်(၆)ယောက်တို့ကား အောက်ပါအတိုင်းဖြစ်၏။

(၁) ကိုပြုံးချို မြင်းသမားတစ်ယောက်ဖြစ်၍ ကျိုက်လတ်မြို့စာတိဖြစ်၏။ ရန်ကုန်တွင် အနေများပြီးလျှင် မကြာမီက မြင်းပွဲတွင် ငွေသောင်းချီနိုင်ခဲ့၍ စင်္ကာပူသို့ ခရီးထွက်ရန် ပင်လယ်ခရီး ထွက်ခဲ့သူဖြစ်၏။ သဘောကောင်းသည်။

(၂) ကိုကျော်စံ ထားဝယ်မြို့သား ငါးပိကုန်သည်တစ်ဦးဖြစ်၍ ရန်ကုန်မှ ပြန်လာသူ ဖြစ်သည်။

(၃) မောင်သောင်း မော်လမြိုင်မှ ထားဝယ်သို့ ကျောင်းပိတ်ရက်အတွင်း အလည်အပတ် လိုက်လာခဲ့သော ကျောင်းသား တစ်ယောက်ဖြစ်၏၊ အသက် ၁၉ နှစ်သာရှိသေးသော်လည်း ခွန်အားဗလနှင့် ပြည့်စုံသော တောသမား တစ်ယောက်ဖြစ်သည်။ သူ့အား လူတိုင်းချစ်ခင်ကြသည်။

(၄) ဦးဘရွှေ အသက်(၄၅)နှစ်ခန့်ရှိ၍ အရွယ်ကောင်းတုန်းဖြစ်၏။ ရန်ကုန်တွင် နေထိုင်၍ ရေးလှူများ၏ ရောဂါဝေဒနာ



ဟောင်းများကို ကိုယ်တိုင်ရှုစမ်း၊ ရှာဖွေနေသူဖြစ်သည်။ ဗြိတ်မြို့ရှိ မိတ်ဆွေ ဆရာဝန်တစ်ယောက်က ဖိတ်ခေါ်သဖြင့် လာရောက်ခြင်းဖြစ်သည်။

(၅) မောင်ဘဟန် အင်္ဂလိပ်လက်ထက်တွင် နိုင်ဖယ်စစ်တပ်တစ်တပ်တွင် အမှုထမ်းခဲ့ဖူးသော စစ်သားဟောင်း တစ်ယောက်ဖြစ်သည်။ ရန်ကုန်သို့ အလည်အပတ်သွားရာမှ ထားဝယ်သို့ပြန်လာသူဖြစ်သည်။ ကိုယ်လက်ကြံ့ခိုင်၍ စိတ်တိုသူ တစ်ယောက်ဖြစ်သည်။

(၆) ကိုရွှေထောင် ရန်ကုန်မြို့ဆင်ခြေဖုံး ရပ်ကွက်တစ်ကွက်တွင်နေထိုင်သော ဓာတ်ဆောင်ဆရာ တစ်ဦးဖြစ်သည်။ အသက်(၅၀)ခန့်ရှိ၍ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိသကဲ့သို့ အေးဆေးစွာ နေထိုင်တတ်သူ ဖြစ်သည်။

နောက်ဆုံးလူ ကိုခင်မောင်မှာ အင်္ဂလိပ်စာတတ် တစ်ယောက်ဖြစ်၍ အသက်အာမခံ၊ မီးအာမခံကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ အင်္ဂလိပ်ကုမ္ပဏီတစ်ခုတွင်ဝင်ရောက်လုပ်ကိုင်ခဲ့ရာ မော်လမြိုင်၊ ဗြိတ်မြို့များသို့ အလုပ်ကိစ္စနှင့်လှည့်လည်ရင်း ခရီးထွက်ခဲ့သူဖြစ်၏။ အသက် ၄၀ ခန့်သာရှိသေးသော်လည်း ပညာဗဟုသုတနှင့် ပြည့်စုံပြီးလျှင် အမြော်အမြင်ရှိသူ တစ်ယောက်ဖြစ်၏။ သို့ဖြစ်၍ ထိုလူစုထဲတွင် ခေါင်းဆောင်တစ်ယောက်ကဲ့သို့ဖြစ်ကာ အားလုံးပင် ကိုခင်မောင်စကားကို နားထောင်ကြလေ၏။

ကိုခင်မောင်သည် မီးဖိုမှ မီးစတစ်စကို အတွင်းသို့ရောက်အောင် ထိုးလိုက်သည်။

ဦးဘရွှေ ။ "အင်း ညရောက်လာပြီနော်"
ကိုပြုံးချို ။ "ဟုတ်တာပေါ့ တစ်ညရောက်လာပြန်ပြီ"
မောင်ဘဟန် ။ "ညရောက်လာရင် အိပ်ကြရုံပေါ့၊ ဘာဖြစ်

သလဲ၊ ကိုခင်မောင် တဆိတ် ခင်ဗျားလက်ထဲက မောင်းချများ လှမ်းလိုက်စမ်းဗျာ"

ကိုခင်မောင်သည် မောင်းချများကို မောင်ဘဟန်ဆီသို့ ပစ်ပေးလိုက်သည်။ သို့နှင့် မောင်ဘဟန်သည် ပုံထားသော ကမာများကို အခွံခွာလျက် ရှိလေသည်။ ထိုနောက် ဆရာဝန်ဦးဘရွှေအား တစ်ခုလှမ်း၍ ပစ်ပေးလိုက်၏။ ဦးဘရွှေသည် နှံ့ရှာသောဟန်ဖြင့် မျက်နှာကို အခြားဘက်သို့လှည့်လိုက်လေသည်။

ဟန် ။ "စားပါလေ၊ ဒေါက်တာ ကျွန်တော်တို့ မြို့က တရုတ်ဟိုတယ်တွေမှာ တကယ်အစိုးတန် မဟုတ်လားခင်ဗျ"

ကိုပြုံးချိုသည် မုန်းတီးဟန်ဖြင့် အခြားဘက်သို့ တံတွေးလှည့်၍ ထွေးလိုက်သည်။

ထိုအခါ ဦးဘရွှေ၏ လက်ဝဲဘက်တွင် ငြိမ်သက်စွာ ထိုင်နေသော မောင်သောင်းက

"ဟုတ်တယ် ဆရာဝန်ကြီး တစ်ခုတော့ စားဦးမှပေါ့ ခင်ဗျ။ ကျွန်တော်တို့မှာ ဒါပဲရှိတာ"

ဦးဘရွှေသည် စဉ်းစားသည့်ဟန်ဖြင့် ဦးခေါင်းကို တဖြည်းဖြည်းညိတ်လိုက်ရာမှ မီးဖုတ်ထားသော အကောင်တစ်ကောင်ကို ဝါးမျိုပြ၏။ သို့သော်လည်းချောင်းတွင် တစ်ဆို့နေသကဲ့သို့ ချောင်းဟန့်လိုက်သည်။

ကိုကျော်စံ ။ "ကျုပ်ဖို့တော့ မရှိတော့ဘူးဗျို့၊ ကိုခင်မောင် ကျုပ်ဖို့တစ်ကောင် ပစ်လိုက်စမ်းပါဦးဗျာ။ အငတ်တော့မခံနိုင်ဘူး။ ဪ ဒါထက် ကိုခင်မောင်၊ ကျုပ်တို့အခုရောက်နေတာ သင်္ဘောတွေသွားတဲ့လမ်းက အတော်ဝေးနေတယ် ထင်တယ်။



ဒီတော့ သင်္ဘောတွေ့လို့တွေ့ငြား ကျုပ်တို့ စမ်းသွားရရင် မကောင်းဘူးလား။ ဒီ ၂ ပေ ပတ်လည်လောက်ရှိတဲ့ ကျွန်းပေါ်မှာ ဘာလုပ်ဖို့လဲဗျာ"

ရွှေ ။ "ဪ ကိုကျော်စံက ပြောတော့အလွယ်ကလေး၊ ကျုပ်တို့သမ္ဗာန်ဟာ ပေါက်နေတယ်မဟုတ်လား။ အပေါက်ကိုတော့ ကိုဘဟန် အင်္ကျီစုတ်နဲ့ ရွံ့နဲ့ ဖာပြီး မနည်းဖာထားရတယ် မဟုတ်လား။ ထွက်သွားရင် မုချနစ်ပြီးသားပေါ့ ကိုကျော်စံ။ ဘာမဆို စဉ်းစဉ်းစားစား လုပ်မှပေါ့။ ပြီးတော့ ဒီကျွန်းကလေးမှာ ကမာကလေးရနေလို့ ကျုပ်တို့တတွေ အသက်ရှင်နေကြတယ်မဟုတ်လားဗျ။ သင်္ဘောတစ်စင်းစင်းနဲ့ တွေ့ဖို့ဆိုတာလဲ ဆယ်ပုံမှာ တစ်ပုံပဲမျှော်လင့်စရာရှိတယ်"

ကိုကျော်စံ ။ "သောက်ရေကလည်း တစ်နေ့တစ်ခြားနည်းလာတော့ အခုလေး၊ ငါးရက်အတွင်းသာ သင်္ဘောမတွေ့ရင် ကျုပ်တို့တော့ ကိစ္စချောပြီးသားပဲ"

ကိုရွှေတောင် ။ "ဟောလူ အိပ်ပါတော့လား၊ ဘာတွေရှောက်ပြောနေတာလဲ၊ နောင်ခါလာ နောင်ခါချေးပေါ့ဗျ။ ဪ ဒါထက်ဒီကနေ့ည ဘယ်သူ့ကင်းလှည့်လဲဗျာတို့"

သောင်း ။ "ကျွန်တော့် အလှည့် ခင်ဗျ။ ပထမပိုင်းက ကျွန်တော်၊ ဒုတိယပိုင်းက ကိုပြုံးချို"

ထိုအခါ ကိုကျော်စံက ဝင်၍

"ဟော မောင်သောင်း အရင်တစ်ခါလို့တော့ အိပ်မနေပါနဲ့ဦးကွယ်၊ ငါတော့ မင်းအိပ်ပျော်နေလို့ သင်္ဘောတစ်စင်း လွတ်သွားတယ် ထင်တယ်"

မောင်သောင်းသည် ဦးခေါင်းကို ငုံ့သွားလိုက်ပြီး

နောက် တစကြောမှ လူကြီးများအားလှည့်၍ ကြည့်လိုက်ရာ သည်။

(ကိုပြုံးချိုက အသံ ခပ်မာမာနှင့်)"ဟေ့လူ ဒါတော့မပြောနဲ့၊ ဒီကောင်ကလေးဟာ အခုမှ ၁၉ နှစ်ပဲရှိသေးတယ်။ ကလေးမျက်နှာဆိုတာ အိပ်ချင်တာပေါ့ဗျာ။ ကျုပ်တောင်အခု အိပ်ချင်လာပြီ"

ကိုပြုံးချိုသည် သံပြင်ပေါ်တွင် ပက်လက်လှန်လျက်ရှိရာမှ လက်နှစ်ဖက်ကို အပေါ်သို့ဆန့်တန်းကာ ကိုယ်ကိုတွန့်လိုက်၏။ ထိုနောက် "ဝါး"ကနဲ တစ်ချက် သန်းလိုက်ပြီးလျှင် မျက်စေ့များကိုမှိတ်ကာ ချက်ချင်း အိပ်ပျော်သွားလေသည်။

နောက်ဆုံး၌ သူတို့အားလုံးသည် မူအိုက်သောညဥ့်ဖြစ်သည့်အတိုင်း မီးဖိုမှ ဝေးနိုင်သမျှဝေးအောင် နေရာယူပြီးသံပေါ်တွင် အသီးသီးအိပ်ပျော်သွားကြ၏။ မောင်သောင်းတစ်ယောက်သာ ထိုင်လျက်ရှိသဖြင့် သူသည်မှောင်ထဲသို့ငေးစိုက်ကြည့်ရှုလျက် ရှိလေသည်။ ညဥ့်မှာ အတော်ပင် တိတ်ဆိတ်လျက်ရှိနေရာ ကမ်းစပ်သို့ လှိုင်းလုံးရိုက်သံများ၊ တခါတရံ မီးဖိုမှ ထင်းများ ပေါက်သံများ၊ အိပ်နေသူတို့၏ အသက်ရှူသံများကိုသာလျှင် ကြားရ၏။ မောင်သောင်းသည် အတိုင်းမသိသော ပင်လယ်ရေပြင်ပေါ်ရှိ အမှောင်ထုကို ထွင်းဖောက်ကာ သဘော်တစ်စင်းတလေမှ မီးရောင်ကို မြင်လို့မြင်ငြား ကြည့်မိ၏။ သို့သော် လက်လက်မြင်ရသော အရာများမှာ မီးရောင်မဟုတ်ဘဲ အလွန်ဝေးသော ကောင်းကင်မှ ကြယ်များသာ ဖြစ်တော့သည်။

ဆိတ်ငြိမ်သည် ညဥ့်အချိန်ဝယ် ကမ်းစပ်သို့ လှိုင်းလုံး



များ မှန်မှန်ပုတ်ခတ်သံကလေးများသည်ပင် တစ်ရိုးယားသံကဲ့သို့ သာယာလှပေသည်။ မောင်သောင်းသည် ခေါင်းငြိမ့်ကာနဲ့ဖြစ်သွား၏။ သို့နှင့်တဖန် နိုးလာပြန်ပြီးလျှင် ငှေကာနဲ့ဖြစ်သွားပြန်သည်။ သို့ရှိစဉ် မကွဲမပြား ဝိုးတဝါးသံတစ်ခု ကြားလိုက်ရသည် ထင်မိ၏။ သို့နှင့် ထိုအသံမှာ အိပ်နေသူတစ်ယောက်ယောက် ယောင်ယမ်းနေသည့် အသံဖြစ်သည်ဟု စိတ်ထဲတွင်ဖောက်မှေ့လိုက်၏။ သူ၏ဦးခေါင်းမှာ ရင်ပတ်ပေါ်သို့ တဖြည်းဖြည်း ရောက်သွား၏။ နောက် ကိုပြုံးချို၏ကြောင်နှာသောမျက်နှာကို မြင်လိုက်ပြီးလျှင် "ကိုင်း မောင်သောင်း အိပ်လေ" ဟုနားထဲတွင် ကြားလိုက်ရ၏။ ထိုနောက် မောင်သောင်းလည်း အိပ်ပျော် သွားလေသည်။

မည်မျှ ကြာအောင် အိပ်ပျော်သွားသည် မသိချေ။ ဆူဆူညံညံနှင့် အလန့်တကြားဟစ်အော်သံများကြောင့် လန့်၍နိုး၏။ တစုံတယောက်သည် သူ့အားအတင်း လှုပ်၍ နိုးနေ၏။ သူနိုးလျှင်နိုးခြင်း သဘော်တစ်စင်းကို မြင်ရ၍သာ ဖြစ်သည်ဟု ထင်မိသည်။ သို့သော် ကိုပြုံးချို၏ကြောင်နှာသော မျက်နှာသည် သူ့အားကုန်း၍ ကြည့်နေသည်ကို မြင်ရပြန်၏။ ကိုပြုံးချို၏ မျက်နှာမှာ တစုံတရာ ထိတ်လန့်ဘွယ်တစ်ခုကို တွေ့ရသကဲ့သို့ ကြောက်ရွံ့တုန်လှုပ်နေဟန် ရှိလေသည်။

ချို ။ "ကိုကျော်စံရယ်ကွဲ့ ကိုကျော်စံလေ"

သောင်း ။ "ဘာဖြစ်လဲ ဟင် ဟင်"

ချို ။ "ကိုကျော်စံ သေပြီ"

သောင်း ။ "ဟင် ဟုတ်လား"

ချို ။ "ဟုတ်တယ်လေ အိပ်နေတုန်း ဘယ်လိုရန်သူ

သတ်သွားလဲ မသိဘူး။ လည်ပင်းပေါက်ပြီး သေနေတယ်"
ဘောဇင်း ။ "အလိုလေးဗျာ ဖြစ်မှဖြစ်ရပလေတယ်"

ထိုအချိန်မှာ နေအာရုံတက်လုပြီဖြစ်၍ ကမ်းစပ်တွင် လူများဝိုင်းအုံကာ တစ်ခုတရာကို ကြည့်ရှုနေကြ၏။ ကိုရွှေတောင်သည် ပင်လယ်ဘက်သို့ကြည့်ကာ တွေဝေလျက်ရှိ၏။ ဆရာဝန်ဦးဘာရွှေမှာမူ ငြိမ်သက်လျက်ရှိသော အလောင်းပေါ်တွင် ဒဏ်ရာများကို ကြည့်ရှု စစ်ဆေးနေသည့်ဟန်ဖြင့် ဒူးထောက်လျက် ရှိလေသည်။

ရွှေ ။ "သတ်သွားတာပဲဗျို့ သေရှာပြီ"

ကိုခင်မောင်သည် ကုန်း၍ကြည့်နေသဖြင့် ဆရာဝန်ဦးဘာရွှေက ပြန်၍မော်ကြည့်လိုက်သောအခါ မျက်လုံးချင်းဆုံမိကြလေသည်။ ဦးဘာရွှေက ဆက်လက်၍

"ပင်လယ်ထဲက သတ္တဝါတစ်ကောင်ကောင် ဖြစ်မလားမပြောတတ်ဘူး။ ဒါထက် ကျုပ်တို့ဒီလိုကြည့်နေလို့ မပြီးသေးဘူး အလောင်းကို သဂြိုဟ်ကြရလိမ့်မယ်။ ဘယ်လိုသဂြိုလ်ကြမလဲ"

မည်သူမျှ တုတ်တုတ်ပင် မလှုပ်ချေ။

သို့နှင့် ဆရာဝန် ဦးဘာရွှေက ဆက်လက်၍

"သင်္ဘော ထုံးစံအတိုင်းပေါ့ဗျာ။ ကျုပ်တို့လည်း သင်္ဘောပျက်လာတဲ့ သင်္ဘောသားတွေပဲ၊ လှေပေါ်တင်ယူသွား ကမ်းက နည်းနည်းကွာတဲ့နေရာ ရောက်ရင် ပစ်ချရုံပေါ့။"

ပြောကာ ပင်လယ်ဘက်သို့ မေးငေါ့ပြ၏။

သို့နှင့် မောင်ဘဟန်၊ ကိုပြုံးချိုနှင့် ကိုရွှေတောင်တို့သည် အလောင်းကို လှေကလေးပေါ်သို့တင်၍ ကမ်းခြေနှင့်



မနီးမဝေးသို့ ရောက်သောအခါ အသာအယာပစ်ချကြလေသည်။ လှေကို ချည်နှောင်ထားကြပြီးနောက် သဲနုံပေါ်တွင် ခြေပစ်လက်ပစ်လှဲကာ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘဲ ရေကူးသွားသည့်တိုင်အောင် အတန်ကြာဆိတ်ငြိမ်စွာရှိနေကြသည်။ ထို့နောက် ထင်းနှင့် ကမာကောင်များကို စုဆောင်းကောက်ယူကြရလေရာ ထိုအခါမှ လူများသည် ယခင်အတိုင်းစကားပြောနိုင်ကြတော့သည်။

နေသည် လျှင်မြန်စွာ ကုန်၍သွားပြီးနောက် ညဦးအချိန်သို့ရောက်၍ လာပြန်၏။

ကိုခင်မောင် ။ "ဒီည ကျုပ်ကင်းလှည့်နော် နောက်ပိုင်းက ကိုရွှေတောင်အလှည့်"

ကိုရွှေတောင်သည် ကမာတစ်ကောင်ကို စားလျက်ရှိရာမှ ဦးခေါင်းကို ညိတ်လိုက်၏။

သို့နှင့် သူတို့သည် သဲများပေါ်၌ ပက်လက်လှန်ကာ အိပ်ကြပြန်သည်။ ကိုခင်မောင်သည် ကင်းလှည့်စောင့်လျက်ရှိရာမှ ထူထဲသောအမှောင်ထုအတွင်းသို့ ငေးစိုက်ကြည့်နေ၏။ အလွန် ဝေးသောအရပ်မှ မီးပွားကလေးကဲ့သို့ မြင်ရသဖြင့် သင်္ဘောမှ ပစ်ဖောက်သည့် အချက်ပေးမီးကျည် ဟုထင်မိ၏။ သို့သော် ယင်းတို့မှာ မိမိ၏စိတ်အားထက်သန်မှုကြောင့် ဖြစ်ပေါ်လာသော အရာများဖြစ်၍ အမှန်စင်စစ်သော် ကောင်းကင်မှကြယ်ကလေးများ၏ အရောင်မျှသာဖြစ်ကြောင်း နောက်ဆုံးသိရတော့၏။ တစ်ကြိမ်တွင် မိမိနောက်မှ လှုပ်ရှားသံတစ်ခု ကြားလိုက်ရသကဲ့သို့ ထင်မိ၏။ သို့နှင့် မီးဖိုမှ မီးရောင်မရောက်သော အသံကြားရာအရပ်သို့ မိမိ၏ မျက်လုံးများကို အားစိုက်

မိပြန်၏။ ကျွန်း၏တစ်ဖက်ဆီမှ ရှုကနဲ မြည်လိုက်သော အသံတစ်ခုကို ကြားလိုက်မိသကဲ့သို့ ထင်ရပြန်၏။ သို့နှင့်ကိုခင်မောင် အသံကြားရာဘက်သို့ လျှောက်သွားရာ မည်သည့်အရာကိုမျှ မတွေ့မမြင်ရဘဲ အသံကိုလည်း နောက်ထပ်မကြားရတော့ချေ။ သူသည် အံ့သြလာသဖြင့် လေးထောင့်စပ်စပ်ရှိသော သူ၏ပန်းပင် တွန့်လှုပ်၍သွားသည်။

"မဟုတ်နိုင်ပါဘူးလေ"

ကိုခင်မောင်သည် မိမိကိုယ်ကို မိမိပြောသကဲ့သို့ ရှိရာမှ အသံထွက်သွား၏။

"ငါများရူးနေသလား နို့ပေမယ့် ဦးဘရွှေလည်း သိလိုက်တာပဲ။ ဒီတော့ တို့နှစ်ယောက်စလုံးပဲ ရူးများနေသလား မပြောတတ်ဘူး"

ကိုခင်မောင်သည် ကျွန်းကလေး၏ သဲသောင်စပ်သို့ ဒီရေတက်လာပုံကိုကြည့်၍ အချိန်ကို မှတ်သားထား၏။

သူသည် မတ်တတ်ရပ်လိုက်ကာ သန်းဝေလိုက်၏။ ထိုနောက် မီးဖိုမှ ဝေးနိုင်သမျှ ဝေးသည့်နေရာတွင် စုပြုံအိပ်နေသည့် သူများထံသွားရောက်ကာ လူကိုရေတွက်စစ်ဆေးလေသည်။

"ဦးဘရွှေ ကိုပြုံးချို မောင်သောင်း မောင်ဘဟန် ကိုကျော်ခံ (အို ယောင်လို့) ကိုကျော်ခံ ဘယ်မှာရှိတော့လို့လဲ၊ ကိုကျော်ခံ မနေ့က သေသွားမှပဲ"

ဤသို့ဖြင့် သူသည် ကိုကျော်ခံ အလောင်းပစ်ချလိုက်သည့်နေရာကို လှမ်း၍ ကြည့်လိုက်သည်။ ထိုနောက်ဆက်လက်ရေတွက်ပြန်လေသည်။



"နေပါဦး ကိုရွှေတောင်ကော ကိုရွှေတောင်မတွေ့ပါလား။ ဟော့ ကိုရွှေတောင် ကိုရွှေတောင်"

လူအုပ်ထဲတွင် ကိုရွှေတောင်မရှိတော့ချေ။ ကိုရွှေတောင်ကား ပျောက်၍နေလေပြီ။

"ကိုရွှေတောင်"

သူသည် နောက်တစ်ကြိမ် ခပ်ကျယ်ကျယ် ခေါ်လိုက်ပြန်သည်။ သို့သော် အဖြေမရချေ။ သို့နှင့်သူသည် သံကုန်ဟစ်၍ ခေါ်လိုက်၏။ သို့နှင့် အိပ်နေသူများသည် သူ၏အသံကြောင့် တစ်ယောက်ပြီးတစ်ယောက် နိုးလာကြပြီးလျှင် မျက်လုံးများကို ပွတ်သပ်ကာ အိပ်ရာမှထ၍ ထိုင်ကြလေသည်။

(ကိုပြုံးချိုက ဒေါသထွက်ဟန်ဖြင့် ကိုခင်မောင်ကို ကြည့်လျက်) "အလန့်တကြားရှာ၊ ဒီလူကလည်း ကိုရွှေတောင်ကို နိုးတာဖြည်းဖြည်းနိုးရောပေါ့"

ကိုခင်မောင်သည် ဆရာဝန် ဦးဘရွှေအား လှမ်း၍ ကြည့်လိုက်ရာ ဦးဘရွှေက ကြည့်လိုက်သည်နှင့် အကြည့်ချင်းဆုံသဖြင့် မျက်နှာလွှဲလိုက်သည်။

"ကိုရွှေတောင် မရှိတော့ဘူးဗျ၊ ခေါ်တာလည်း မရဘူး။ ဟော့ . . . ကိုရွှေတောင်"

မည်သည့်အသံမျှမကြားရချေ၊ ထိုအခါ မောင်သောင်းက . . .

"ဒီလိုဆိုရင် ဦးရွှေတောင်ဟာ . . ."

မောင်သောင်းသည် ရှေ့သို့ဆက်သော်လည်း ရှေ့သို့ဆက်မည့်စကားကို လူတိုင်းပင် တွေးမိကြသည်။

ဦးဘရွှေ ။ "အင်း . . . ငါလည်း မသိဘူးဟေ့၊ ကိုင်း

ကိုခင်မောင် ကျုပ်တို့ ဒီလိုနေလို့ မဖြစ်သေးဘူး၊ မီးတောက်တဲ့ ထင်းစတစ်ချောင်းဆွဲခဲ့ဗျာ၊ ကျုပ်တို့ရှာကြရအောင်"

သို့နှင့် သူတို့သည် မီးရောင်ဖြင့် လျှောက်၍ရှာကြရာ မီးဖိုများစွာနှင့် မဝေးလှသော နေရာတစ်ခုတွင် ကိုရွှေတောင်၏အလောင်းကို တွေ့ရလေသည်။ လည်ပင်း၌ အပေါက်များဖြစ်၍နေပြီးလျှင် သံပြင်ပေါ်၌ သွေးကွက်များကိုမြင်ကြရ၏။ မောင်ဘဟန် ။ "အင်း . . . ကိုရွှေတောင်ကြီးလည်း သွားရှာပြန်ပြီ၊ နေပါဦး၊ အခုဖြစ်ရတာ . . ."

(စကားမဆုံးမီ ဆရာဝန်ဦးဘရွှေက) "ဘယ်သူများ လက်နက်ပါကြသေးလဲ၊ အခုလိုပုံတော့ ကင်းလှည့်ကျတဲ့လူက လက်နက်ကိုင်ဆောင်မှပဲ၊ ပြီးတော့လည်း အရင်ကလို ပေါ့ပေါ့ဆဆ မဟုတ်ဘဲ အိပ်နေကြတဲ့လူတွေကို ကြပ်ကြပ်မတ်မတ် စောင့်ရလိမ့်မယ်"

သို့သော် မည်သူတွင်မှ မည်သည့်လက်နက်မျှမရှိချေ။ ကမာများကို အခွံခွာသည့် မောင်းချဓားကြီးမှတစ်ပါး မည်သည့်လက်နက်မျှ မရှိချေ။

သူတို့သည် ကိုရွှေတောင်၏အလောင်းကို ကိုကျော်ခံကဲ့သို့ ရေသချိုင်းတွင် မြှုပ်နှံလိုက်ကြသည်။ ယခုအခါ၌မူ ကင်းလှည့်များကို တစ်မျိုးတစ်မည်ပြောင်းလဲပြုပြင်ရတော့မည်၊ ကိုပြူးချိုနှင့် ဆရာဝန်အား နောက်တစ်နေ့သတ်မှတ်လိုက်သည့်အကြောင်းကို ကိုခင်မောင်သည် သူ၏ပြက္ခဒိန်သစ်လုံးပေါ်တွင် ဓရကမာခွံဖြင့် ရေးခြစ်မှတ်သားလိုက်လေသည်။

သို့နှင့် နောက်ညနေ၌ ကိုပြူးချိုသည် မောင်းချဓားကို ကိုင်ကာ ကင်းစောင့်ရ၏ ။ သူသည် မီးဖိုအလင်းရောင်မရောက်



သည့် အမှောင်ထုကို မကြာခဏ လှမ်း၍ကြည့်၏။ တစ်ကြိမ်၌ သူသည် အိပ်နေသော လူတစ်ယောက်ပေါ်သို့ ကုန်းကွကွလုပ်နေသည့် အရိပ်ကဲ့သို့ သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည်ဟုထင်သဖြင့် ပါးစပ်မှ အသံထွက်သွားတော့မည်ကဲ့သို့ရှိ၏။ သို့သော် ထိုသဏ္ဌာန်မှာ အိပ်နေသူလူတစ်ယောက်ထံမှ မီးပုံကြီးရှိရာသို့ ထ၍လာသော သူဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့နောက်သူသည် မမြင်ရသော ရန်သူအကြောင်းကို မေ့လျော့ကာ သင်္ဘောတစ်စင်းတစ်လေမှ မီးရောင်ကို တွေ့လိုတွေ့ငြား ပင်လယ်ပြင် အမှောင်ထုအတွင်းသို့ စူးစိုက်ကြည့်ရှုနေပြန်သည်၊ သို့ရှိစဉ် နောက်မှနေ၍ မိမိလည်မျိုကို တင်းကြပ်စွာဖျစ်ညှစ်ခြင်းခံရကြောင်း နောက်ဆုံးသိလိုက်ရ၏။ ပါးစပ်မှ အသံကိုဟစ်အော်သော်လည်း အသံကား မထွက်တော့ချေ။ အသံများသည် လည်ချောင်းတွင်း၌ပင် ရှုံ့ကျုပ်သော သူတစ်ယောက်ကဲ့သို့ တရှူးရှူးမြည်ကာ ပျောက်ကွယ်သွားလေသည်။

အာရုံတက် ဝေလီဝေလင်းအချိန်တွင် ဦးဘရွှေသည် အိပ်ရာမှနိုးလာ၍ ကိုပြူးချိုမှာ ကိုကျော်ခံ၊ ကိုရွှေတောင်တို့ကဲ့သို့ပင် လည်မျိုတွင်ပေါက်ထွက်ကာ ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ရာကြီးဖြင့် သေနေကြောင်း ပြောကြားလေသည်။ ဤသို့ပြောကြားသောအခါ ပါးများသည် ဖြူဖတ်ဖြူလျော်ဖြစ်လျက် မျက်လုံးများသည် ဆရာဝန်တစ်ယောက်မဟုတ်သကဲ့သို့ ပြူးကြောင်ကြောင်ဖြစ်လျက်ရှိ၏။

ဦးဘရွှေက တုန်ရီသောအသံဖြင့် . . .

"ကိုခင်မောင် . . . ဒီမှာကြည့်စမ်း၊ ကိုပြူးချိုကိုသတ်တာ ကျုပ်တို့ထင်နေကြသလို ပင်လယ်ထဲက အကောင်မဟုတ်

ဘူးဗျ၊ သူ့လည်ပင်းက ဖွန်းနေတဲ့ ဒဏ်ရာတွေကြည့်ပါလား"

သူသည် တုန်ရီနေသော လက်များဖြင့် သဲပေါ်တွင် မြင်ရသောအရာများကို ညွှန်ပြလိုက်ပြီးလျှင် သက်ပြင်းတစ်ချက်ချလိုက်သည်။

ကိုခင်မောင်သည် သူ့အား စိမ်းစိမ်းကြည့်ပြီးနောက် ဦးခေါင်းကိုညိတ်လိုက်၏။

"ကျွန်တော် အရင်ကမြင်တယ်ဗျာ၊ ခင်ဗျားလည်းမြင်တာပဲ၊ နို့ပေမယ့် ကျုပ်ရူးနေလို့ ထင်မိတာပဲလို့ ကျုပ်အောက်မေ့တယ်"

(ဦးဘရွှေသည် အလံထူရှိထားသော ဘက်သို့ကြည့်လိုက်ပြီးနောက်) "ကျုပ် သူ့ကိုပြောမလို့ပဲ၊ နို့ပေမယ့် မသေချာလို့ ကျုပ်မပြောတာ၊ ပြောရမှာတော့ ကြောက်စရာကောင်းလှချည့်ဗျာ"

မောင်သောင်း ။ "ဘာဗျ . . . ဘာပြောတယ်၊ သူ့လည်ပင်းက မှန်းရာပွဲရာတွေက ဘာဖြစ်တယ်ဗျ"

မောင်သောင်းသည် ဦးဘရွှေမျက်နှာကိုတစ်လှည့် ကိုခင်မောင့်မျက်နှာကိုတစ်လှည့် ကြည့်လိုက်သည်။

ကိုခင်မောင် ။ "လက်ရာတွေလေ . . . လူတစ်ယောက်ရဲ့ လက်ရာတွေကွဲ့၊ လည်ပင်းကို ကြည့်စမ်းပါဦး၊ ကိုက်ထားတဲ့ ဒဏ်ရာက လူရဲ့သွားရာတွေ"

မောင်သောင်း ။ "လူရိုင်းတွေလား ဟင်"

(ကိုခင်မောင်က နှုတ်သံဖြင့်) "တို့တတွေ အားလုံးသိတယ်ကွယ်၊ ဒီ ကျွန်းပေါ်က်စကလေးမှာ တို့တတွေကလွဲပြီး ဘာကောင်မှမရှိဘူးဆိုတာ . . . (သက်ပြင်းတစ်ချက်ချလျက်)



တို့အထဲက တစ်ယောက်ယောက်ပဲကွ"

ဆရာဦးဘရွှေသည် သက်ပြင်းချကာ တစ်ကိုယ်လုံး တုန်ရီသွားပြီးနောက် နက်မှောင်သော ပင်လယ်ပြင်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ မောင်သောင်းသည် ဦးဘရွှေအား . . . ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် စိုက်ကြည့်နေသည်။ မောင်ဘဟန်က အသက်ပြင်းပြင်းရှူလိုက်သည်။

မောင်ဘဟန် ။ "ခင်ဗျား စိတ် သိပ်မနှံ့တော့ဘူးထင်တယ်၊ ဘာဗျ ကျုပ်တို့ထဲက တစ်ယောက်ယောက် ဟုတ်စ၊ ဘယ် တစ်ယောက်ယောက်လဲ၊ ကျုပ်လား၊ ဟား . . . ဟား . . . ဟား . . . ကျုပ် လူတွေသတ်ဖူးလှပါပြီဗျာ၊ နို့ပေမယ့် ဒီလိုတော့ ကျုပ်မသတ်ပါဘူး"

မောင်သောင်း ။ "မဟုတ်ဘူး ကိုကြီးဘဟန် မဟုတ်နိုင်ပါဘူး၊ လူမှန်ရင် ဒီလိုတော့ ဘယ်တော့မှ လုပ်မယ်မဟုတ်ဘူး"

ဦးဘရွှေ ။ "အင်း . . . စိတ်ဟာ နဂိုအတိုင်းကောင်းနေရင်တော့ မလုပ်ဘူးပေါ့ကွယ်၊ နို့ပေမယ့် တို့တတွေဟာ အစာငတ်နေတယ် မဟုတ်လား၊ အစာငတ်တယ်ဆိုတာ အမဲသား၊ ကြက်သား၊ ဝက်သားကို စားချင်တဲ့စိတ်တွေ၊ အသားရှိရင်ကွယ် . . . ဘာသားမဆို စားချင်တဲ့စိတ်တွေ ရှိနေတယ်ကွဲ့။ ဒီ လူသူမရှိတဲ့ ကျွန်းပေါ်မှာ မျှော်လင့်ချက်ကင်းမဲ့ပြီး အငတ် ငတ် အပြတ်ပြတ်နဲ့ တစ်နေ့ထွက်လာ တစ်နေ့ဝင်သွားနေကြရတယ်၊ သေမင်းကို နေ့စဉ်ရင်ဆိုင်နေရတယ်၊ လူတွေဟာ စိတ်ထဲမှာ ကိုးကွယ်ရာမရ ဖြစ်နေတယ်၊ ဘာမဆို ငါလုပ်မယ်၊ သေရတော့မယ့်အတူတူ မထူးတော့ဘူးဆိုတဲ့စိတ်တွေ ရောက်နေတယ်၊ ဒီလိုစိတ်တွေ ရှိနေတဲ့အခါ လူဆိုတာ အင်မတန်

ကြောက်မက်ဖွယ်ကောင်းတဲ့ အရာတွေကို လုပ်တတ်ကြတယ်၊ လူ့ကိုယ်ထဲကို ဘီလူးစိတ်တွေဝင်လာသလို လူမလုပ်နိုင်တဲ့ အရာတွေကို လုပ်ခဲ့ကြတယ်၊ လုပ်နိုင်ကြတယ်၊ လုပ်တတ်ကြတယ်၊ ရှေးလူကြီးတွေအလိုက မကောင်းဆိုးဝါးဝင်တယ်လို့ ခေါ်တယ်၊ တို့ခေတ်နဲ့ခေါ်မယ်ဆိုရင်တော့ အသားစားချင်တဲ့ "ကင်နီဘောလစ်ဇင်း" (Cannibalism) စိတ်တွေဝင်လာတာကွ၊ ဒီဟာကို မန်နီယာအရူးတစ်မျိုးလို့ ဆေးဘက်ကခေါ်တယ်၊ ဒီဟာဖြစ်လာရင် လူဟာ ဆင်ခြင်တုံတရားတွေ အသိဉာဏ်တွေ ကင်းမဲ့သွားတော့တာပဲ၊ ဘယ်အချိန်အခါမျိုးမှာ ဝင်တတ်သလဲ ဆိုရင် ညအချိန်ရောက်လာရင်ဝင်တတ်တယ်၊ ဘယ့်နှယ်လဲကွဲ့ ဒီဟာ ရောဂါတစ်မျိုးပဲလေ၊ မထူးဆန်းဘူးလား၊ ပြီးတော့ကာ ဒီရောဂါဝင်လာတဲ့လူဟာ . . . သူလုပ်လိုက်တာကို လုပ်ပြီးတော့မှ သိတော့တာပဲ"

မောင်သောင်း ။ "ဘုရား . . . ဘုရား . . . အင်မတန် ကြောက်စရာကောင်းပါလား ဆရာရယ်၊ ကျွန်တော်လည်း ဖြစ်နိုင်တာပဲ၊ ကျွန်တော်များလားခင်ဗျာ၊ အမယ်လေး ကျွန်တော် ကြောက်လှချေရဲ့ခင်ဗျာ"

မောင်သောင်းသည် နတ်ပူးသောသူတစ်ယောက်ကဲ့သို့ ခေါင်းမွေးများပြန်ကာ တစ်ကိုယ်လုံး တုန်လှုပ်၍နေ၏။

ဦးဘရွှေ ။ "သည်လောက်လည်း မကြောက်ပါနဲ့ကွာ၊ စိတ်ကိုတင်းထား၊ ကြားလား၊ မင်းကိုယ်ကို ဒီစိတ်မျိုးမဝင်စေနဲ့၊ ဒီဟာကို လုံးလုံးမစဉ်းစားနဲ့၊ ဒီလိုမှမဟုတ်ရင် တို့တတွေအားလုံး ရူးသွားလိမ့်မယ်၊ ဒီတော့ တို့ဟာ အခုအချိန်ကစပြီး တစ်ယောက်ကိုတစ်ယောက် အကဲခတ်ပြီး စောင့်ကြည့်နေရမယ်ကွဲ့"



သို့နှင့် တစ်ညဉ့်ရောက်လာပြန်၏။ ထိုညဉ့်အဖို့ ကင်းလှည့်တို့မှကား တစ်စုံတစ်ရာ အငြင်းအခုံမရှိတော့ချေ။ မည်သူမျှ အိပ်ရန် မရည်ရွယ်တော့ပေ၊ သူတို့သည် မီးပုံကြီးကို ဝိုင်း၍ထိုင်ကာ အလွန်လေးလံထိုင်းမှိုင်းသော စိတ်များဖြင့် စောင့်ဆိုင်း၍ နေကြ၏။ သူတို့အထဲမှာ မည်သူသည် ရုတ်တရက်ဖောက်ပြန်လိမ့်မည်နည်းဟူသော အတွေးကိုယ်စီဖြင့် ပက်ကျိ၏ သွားခြင်းဖြင့် သွားလျက်ရှိသော နှေးကွေးလှစွာသော "အချိန်" ကို တရွေ့ရွေ့ကုန်လွန်စေ၏။ မောင်ဘဟန်သည် သဘော်ပျက်သည့်အချိန်မှစ၍ အိတ်ထဲတွင် သတိမေ့၍နေခဲ့သော ပိုက်ဆံ(ကြေးနီပြား) ၃ ပြားကို သစ်ကလေးတစ်ခုပေါ်၌တင်၍ ခြောက်ပန်းလှန်ကစားရာ ကျန်လူများက "ခေါင်း" "ပန်း" ထိုးကြရ၏။ ဤသို့ဖြင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ညဉ့်၏အချိန်ကို ဖြုန်းကြရကုန်၏။

ညဉ့်သန်းခေါင်လောက်တွင် သူတို့၏အရှေ့မြောက်ဆီမှ သင်္ဘောမီးရောင်ကဲ့သို့ မီးရောင်တစ်ခုကို မြင်လိုက်ရသဖြင့် သင်္ဘောတစ်စင်း ဖြတ်သွားသည်ဟု ထင်မိကြ၏။ သို့နှင့် သူတို့သည် မီးပုံအတွင်းသို့ ထင်းများကို ပို၍ပစ်ထည့်ကြ၏။ မောင်ဘဟန်ကလည်း သင်္ဘောသားတစ်ယောက်ဖြစ်ခဲ့ဖူးသည့်အတိုင်း ဘေးအန္တရာယ်နှင့်တွေ့ကြုံသည့်အခါ သင်္ဘောသားများအချက်ပေးလေ့ရှိသော နည်းအတိုင်း ကျောက်ခဲ ၂ လုံးကို ရိုက်ခတ်ကာ . . . "ကျွန်ုပ်တို့ကိုကယ်ပါ" ဟူသော အထိမ်းအမှတ်ဖြင့် ကျောက်ခဲ ၂ လုံးကို အသံပြည်အောင် ရိုက်ခတ်၏။ သို့သော် သင်္ဘောကား သူတို့၏မီးပုံကိုလည်းကောင်း၊ ကျောက်ခဲချင်းရိုက်ခတ်၍ အထိမ်းအမှတ်ပေးသော အသံကိုလည်း

ကောင်း၊ မမြင်ဟန် မကြားဟန်ဖြင့် တဖြည်းဖြည်းဝေး၍သွား တော့၏။ သူတို့သည် အားမလိုအားမရဖြစ်ကာ ကျွန်းကလေး၏ ကမ်းခြေရေစပ်သို့ပြေး၍သွားကြပြီးလျှင် အသံကုန်ဟစ်အော်ကြ၏။ ငိုယိုကြ၏။ အမျိုးမျိုး ကျိန်ဆဲကြ၏။ အားလုံး၏ စိတ်တွင် မချင့်မရဲဖြစ်ကြကုန်၏။

ဤကဲ့သို့ အားလုံးစိတ်၌ ရူးသွပ်မတတ်ရှိစဉ် ဆရာဝန်ဦးဘရွှေက တစ်စုံတစ်ရာ တီးတိုး အသံထွက်ကာ လက်ကလည်း ကမ်းစပ်တစ်နေရာသို့ ညွှန်ပြလိုက်သောအခါမှ အားလုံးပြန်၍ ကောင်းစွာ သတိရကြလေသည်။ သူလည်းညိုးညွှန်ပြသောအရာကား ပင်လယ်ရေစပ်တွင် လဲ၍နေသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်လေသည်။

ဦးဘရွှေ ။ "အလို . . . မောင်သောင်းပါကလား ကောင်ကလေးသွားရှာပြန်ပြီ၊ အော် . . . မောင်သောင်း မောင်သောင်း ဖြစ်ရပလေကွယ်၊ ဒါထက် သဘော်ကြည့်ရအောင် ဒီနေရာကို ကျုပ်တို့တတွေ ပြေးလာတုန်းက ကျုပ်ကို ခင်ဗျား တို့ သတိထားပြီးစောင့်ကြည့်မိကြရဲ့လား"

ကိုခင်မောင်နှင့် မောင်ဘဟန်တို့သည် ဦးခေါင်းကို ရမ်းလျက်ရှိကြ၏။ သူတို့အားလုံးပင် သဘော်တစ်စင်းမှ မီးရောင်ကဲ့သို့ မြင်ရသဖြင့် မီးပုံရှိရာမှ ဆူညံစွာဟစ်အော်ရင်း ကမ်းစပ်သို့ ဒရောသောပါး ပြေးလာကြရာ အနိုက်အတန့်အားဖြင့် မိမိတို့ဘောအနေရာယ်ကို မေ့လျော့သွားကြ၏။

သို့ရှိစဉ် ကိုခင်မောင်သည် မောင်ဘဟန်၏ ရှပ်အင်္ကျီပေါ်၌ သွေးကွက်ကဲ့သို့ နီရဲနေသော အစွန်းကွက်တစ်ခုကိုမြင်ရ၏။ သို့နှင့် ဦးဘရွှေသည် မောင်ဘဟန်အပေါ်သို့ ကျားကဲ့



သို့ လျင်မြန်စွာခုန်၍အုပ်လိုက်၏။ မောင်ဘဟန်သည် သဲပေါ်သို့ ပက်လက်လန်၍ လဲကျသွားသည်။

ဟန် ။ "ခင်ဗျားတို့ ကျုပ်ကိုထင်ကြသလားဗျာ၊ ဟင် ဘယ့်နှယ်ဖြစ်နိုင်ပါ့မလဲ ဆရာတို့ရယ်"

ကိုခင်မောင်သည် ပြစ်မှုကျူးလွန်သူတစ်ယောက်ကိုလက်ပူးလက်ကြပ်မိသကဲ့သို့ မျက်နှာတွင် သွေးရောင်များလျှမ်း၍သွား၏။

"ခင်ဗျား ရှပ်အင်္ကျီပေါ်မှာ သွေးတွေ့ပြီ ကိုဘဟန်၊ ဒါဟာ ကျုပ်တို့ ပထမခြေရာခံမိတဲ့ အချက်ပဲ၊ မောင်သောင်းကို ခင်ဗျား . . ."

ကိုခင်မောင်သည် စကားလုံးများကို မထွက်ရက်ဘိသကဲ့သို့ ဤနေရာတွင် ရပ်လိုက်သည်။

ဟန် ။ "ခင်ဗျားတို့မှားတာပေါ့၊ သွေးစွန်းတာက ဟောဒီက ကျုပ်ရင်ဘတ်က ဒဏ်ရာကြောင့်ဗျ၊ ထင်းသယ်ရင်း ထင်းစနဲ့ထိုးမိတာ ဆရာတို့ရေ"

ကိုခင်မောင် ။ "ဒါပေမယ့် မလွှတ်နိုင်ဘူး ကိုဘဟန်၊ ဒီအမှုရဲ့အရေးကို ကျုပ်တို့လက်မလွှတ်နိုင်ဘူး၊ သဘော်တစ်စင်းမရောက်မချင်း ခင်ဗျားကို ကျုပ်တို့ကြိုးနဲ့ချည်ထားရပါမယ်၊ အစမှဖြင့် ဘာမှမပြောနဲ့တော့ဗျာ၊ ခင်ဗျား ကောင်းကောင်းနေမကောင်းဘူး၊ ကျုပ်သိတယ်"

သို့နှင့် မည်သို့ပင်တောင်းပန်သော်လည်း ကိုခင်မောင်နှင့် ဆရာဝန်ဦးဘရွှေတို့သည် သူတို့၏ခါးပတ်များဖြင့် မောင်ဘဟန်အား ကျောက်စွန်းတစ်ခုတွင် တုပ်နှောင်ထားကြလေ၏။ သို့နှင့် သူတို့သည် ထိုညဉ့်အဖို့ တစ်စုံတစ်ရာကြောက်ရွံ့

နိုးရိမ်ခြင်းမရှိဘဲ အိပ်စက်ကြရလေသည်။

သို့သော် . . . နံနက် လင်းလာသောအခါ ယခင်က ထက် ကြောက်မက်ဖွယ်ကောင်းသော အချင်းအရာတစ်ခုကို တွေ့မြင်ကြရ၏ ။ ကလေးတစ်ယောက်ပမာ သနားစဖွယ် ချည် နှောင်ထားခြင်းခံရရှာသော မောင်ဘဟန်မှာ ယခင်က လူများ နည်းတူ လည်ပင်းတွင် ပေါက်၍နေသော ဒဏ်ရာများဖြင့်သေ ဆုံးနေသည်ကို တွေ့ရလေသည်။ လည်မျိုမှ အပေါက်များကား ဝံပုလွေတစ်ကောင် ကုတ်ခြစ်ထားသကဲ့သို့ ရှိတော့၏ ။

ကိုခင်မောင်သည် ဦးဘရွှေအား စူးစူးစိုက်စိုက်ကြည့် လိုက်ရာ ကြောက်မက်ဘွယ်ကောင်းသော မျက်လုံးနှစ်စုံတို့ကို တွေ့ကြသည်။

ခင်။ "ကိုင်း . . . ကိုဘရွှေ၊ ဒီပြဿနာကို ကျုပ်တို့နှစ် ယောက် အချင်းချင်းပဲရှင်းဖို့ရှိတော့တယ်"

ဦးဘရွှေ၏ မျက်လုံးများမှာ ကြောက်ရွံ့ခြင်းဖြင့် ဝင်း ဝင်းတောက်လျက်ရှိနေသည်။

ရွှေ ။ "ကျုပ်ဖြင့် တွေးပဲမကြည့်ဝံ့တော့ပါဘူး၊ ကိုခင် မောင်၊ ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ပဲဗျ၊ ခင်ဗျားလား၊ ကျုပ်လား"

ကိုခင်မောင်က ကိုဘရွှေ၏ ပခုံးကိုဖြည်းညှင်းသာ ယာပုတ်လျက် . . .

"ဖြည်းဖြည်း ကိုဘရွှေ ဖြည်းဖြည်း၊ ဒီလိုလည်းဖြစ် နိုင်ပါသေးတယ်ဗျာ၊ တစ်ယောက်ယောက်ဟာ ကျုပ်တို့မတွေ့ သေးတဲ့ ကျောက်ခေါင်းတစ်ခုခုထဲမှာ ပုန်းချင်၊ ပုန်းနေနိုင်တယ် မဟုတ်လား"



သို့ပင် ပြောလိုက်ရသော်လည်း ဤမှုလောက်ငယ် သည့် ကျွန်းကလေး၌ ရောက်လာသောအခါ ဤကုန်းမြင့် ကလေးတစ်ခုသာကျန်လျက် အခြားမည်သည့် သက်ရှိသတ္တဝါ မှ မနေနိုင်ကြောင်းကိုမူ နှစ်ယောက်စလုံး သိရှိပြီး . . . ဖြစ်လေ သည်။

နေ့အချိန်သည် မြွားကို အတောင်တပ်၍ လွှတ်လိုက် သကဲ့သို့ လျင်မြန်စွာကုန်လွန်၍သွား၏ ။ ဒီရေကျသွားသည်နှင့် တစ်ပြိုင်နက် သူတို့သည် ထင်းများကို စုဆောင်းကြ၏ ။ ကမာ ကောင်များကို ကောက်ကြ၏ ။ သူတို့သည် စကားလက်စ မပြတ်အောင် စကားရှာ၍ ပြောကြ၏ ။ အဘယ်ကြောင့်ဆို သော်ဆိတ်ငြိမ်စွာနေရခြင်းကိုပင် သူတို့နှစ်ယောက်လုံးကြောက် ရွံ့ကြသည်။ သို့နှင့် နေလုံးကြီးသည် မိုးကုတ်စက်ဝိုင်းအောက် သို့ ဝင်သွားသည်နှင့်တစ်ပြိုင်နက် အသက်မသေကျန်ရှိရစ်သူ နှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် မျက်စေ့ အောက်မှအပျောက်မခံဘဲ စောင့်ကြည့်နေကြသည်။

ဦးဘရွှေသည် တဖြည်းဖြည်းပျောက်၍သွားသော နေ လုံးကိုကြည့်လျက် တည်ငြိမ်လေးနက်သောအသံဖြင့် . . .

"ကိုင်း . . . ကိုခင်မောင် ဟောဒီထင်းတွေကို မီးပုံဆို ကျုပ်ယူမယ်၊ ဒီကမာကောင်တွေကော အခွံနွှာလိုက်ရမလား"

ကိုခင်မောင်က ဦးခေါင်းကို ညိတ်၍ပြလိုက်ပြီးလျှင်၊ မောင်းချွှားကို ပစ်၍ပေးလိုက်သည်။

မောင်းချွှား လက်တွင်းသို့ ရောက်ရှိသည်နှင့် တစ် ပြိုင်နက် ဆရာဝန်ဦးဘရွှေသည် ဖျတ်ခနဲ သူ၏လက်ဝဲဘက် လက်ကောက်ဝတ်ကို လျင်မြန်စွာလှီးဖြတ်လိုက်လေသည်။ ထို

နောက် ဓားကို လက်ဝဲဘက်သို့ပြောင်း၍ ကိုင်လိုက်ကာ . . . လကျာ်ဘက် လက်ကောက်ဝတ်ကို ရက်ရက်စက်စက် လှီး၍ ချလိုက်သည်၊ ကိုခင်မောင်က ခုန်၍အုပ်လိုက်သော်လည်း မမီလိုက်တော့ချေ၊ နောက်ကျခဲ့လေပြီ၊ လက်နှစ်ဘက်မှ သွေးများ ပန်းထွက်လာတော့၏။

ရွှေ ။ "ကျုပ် ဝမ်းနည်းပါတယ် ကိုခင်မောင်၊ ကျုပ်စိတ်ထဲမှာ မခံနိုင်တော့ဘူး။ ကျုပ်ဆောက်တည်ရာမရတော့ဘူး"

ကိုခင်မောင်က သူ့လက်ကိုင်ပုဝါဖောင်းကြီးကို ဆုတ်ကာ ဒဏ်ရာများကို စည်းနှောင်မည်ပြု၏။

"မလုပ်နဲ့ . . . ကိုခင်မောင်၊ မလုပ်နဲ့တော့ မရတော့ဘူး၊ ကျုပ်ဟာ ဆရာဝန်ဗျ၊ သွေးကြော ဘယ်နေရာမှာရှိတယ်ဆိုတာ ကျုပ်သိတယ်၊ သွေးကြောမကြီးကို ကျုပ်ဖောက်လိုက်ပြီ၊ သွေးဟာ ဘယ်နည်းနဲ့မှ မတိတ်တော့ဘူး၊ အနာမရှိပဲနဲ့ အသက်သာဆုံးသေတဲ့နည်းပေါ့"

ခင် ။ "ဘယ့်နှယ်လုပ်လိုက်တာလဲဗျာ ကိုဘရွှေ"

ဆရာဝန်ဦးဘရွှေသည် နဖူးကြောကြီးများ ထ၍လာသည့်တိုင်အောင် အလွန်စဉ်းစားသည့်ဟန်ဖြင့် ဦးခေါင်းကို ဖြည်းညှင်းစွာ ရမ်းလိုက်သည်။

"ဒီနည်းပဲရှိတော့တယ် ကိုခင်မောင် . . . ကျုပ်ဟာ ဒီအဖြစ်အပျက်ကြီးသိပြီး၊ ဒီအသိဉာဏ်ကို သင်္ချိုင်းအထိ ယူမသွားနိုင်ဘူးဗျ၊ ဒီဖြစ်မှုတွေ ကျူးလွန်တာ တခြားလူမဟုတ်ဘူး၊ ကျုပ်နဲ့တူတယ်"

"ကျုပ်ကော မဖြစ်နိုင်ဘူးလားဗျာ"



"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ခင်ဗျား ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါပေမယ့် ခင်ဗျားမှာ လူတစ်ယောက်ကို လည်ပင်းပေါက်ပြီးသေလောက်အောင် ဖျစ်ညှစ်နိုင်တဲ့အင်အား မရှိပါဘူး ကိုဘရွှေ"

"ကိုခင်မောင်က မသိဘဲကိုဗျ၊ ဘယ်လောက်ပဲ အားနွဲ့လေ နည်းတဲ့လူဖြစ်စေ၊ ဘယ်လောက်ပဲ ကြောက်တတ်ပြီး သတ္တိမရှိတဲ့လူဖြစ်စေ၊ ဒီရောဂါဝင်လာပြီဆိုမှဖြင့် လူ ၄ ယောက်ရဲ့အားကို ဆောင်နိုင်တယ်၊ လူတစ်ယောက်ရဲ့လည်ပင်းကို ပေါက်အောင် ဖျစ်နိုင်တယ်၊ လည်မျိုကို သွားနဲ့သေအောင် ကိုက်ပစ်နိုင်တယ်၊ အောင်မယ်လေး မောလိုက်တာ ကိုခင်မောင်ရယ်၊ ကျုပ်ကို ရေတစ်ခွက်လောက် ပေးစမ်းပါ၊ မသေခင် ရေကလေးများ ဝအောင်သောက်သွားစမ်းပါရစေ"

ကိုခင်မောင်က ရေတစ်ခွက်ပေးလိုက်၏။ သို့သော် တစ်ဝက်သာ သောက်နိုင်ပြီးလျှင် ကိုဘရွှေသည် သံပေါ်သို့လဲကျသွားရှာသည်။

သို့ရှိစဉ်ပင် ပင်လယ်တွင်းမှ သင်္ဘောတစ်စင်းကိုမြင်ရ၏။ ကိုခင်မောင်သည် လူနာအား သတိမရတော့ပဲ သံနံ့ပေါ်၌ စိုက်၍ထားသော အလံကိုဆွဲယူကာ သင်္ဘောဆီသို့ ထိုမှဤမှ လှုပ်ရမ်း၍ပြ၏။ အသံကုန်ဟစ်အော်၍ အကူအညီ တောင်း၏။

သင်္ဘောမှာ အင်္ဂလိပ် ကုန်သင်္ဘောတစ်စင်းဖြစ်၍ ကိုခင်မောင် အကူအညီတောင်းခြင်းကို မြင်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ သင်္ဘောသားရှစ်ယောက်ခန့် ပါ

သော သမှာန်တစ်စင်းသည် ကျွန်းကလေးဆီသို့ ချည်းကပ်လာသည်ကို မြင်ရ၏။ ကိုခင်မောင်သည် အတိုင်းမသိ ဝမ်းမြောက်မိတော့၏။

ကိုခင်မောင်သည် ကိုဘရွှေလဲနေသောနေရာသို့ အယားဖားယား ဟစ်အော်ပြေးလာ၏။

သို့သော် ကိုဘရွှေကား အသက်မရှိတော့ပြီ။

သမှာန်ကလေးသည် ကျွန်းကလေး၏ ကမ်းခြေသို့ ဆိုက်ရောက်လာရာ ကိုခင်မောင်လည်း သင်္ဘောသားများအား အကျိုးအကြောင်းပြောပြ၍ မိတ်ဆွေကိုဘရွှေ၏ အလောင်းကို နောက်ဆုံး ရေသချိုင်းတွင် သင်္ဘောသားများအကူအညီဖြင့် မြှုပ်နှံခြင်း ပြုခဲ့သေး၏။

သင်္ဘောပေါ်သို့ရောက်၍ ကိုခင်မောင်လည်း သင်္ဘောကပ္ပတိန်အား အကျိုးအကြောင်းပြောပြရာ သင်္ဘောကပ္ပတိန်က ထိုရောဂါမျိုးကို မိမိကိုယ်တိုင် မတွေ့ဘူးသော်လည်း ဗဟုသုတအားဖြင့် ကြားဖူးကြောင်း၊ ၎င်းကို ဆေးဆရာဝန်ကြီးများက "လူသတ်တတ်သော အစာငတ်ရူး" တစ်မျိုးဟုခေါ်ကြောင်း၊ ၎င်းရောဂါမှာ သဲကန္တာရအတွင်း ရေငတ်သောအားနှင့် တွေ့သူများ၊ သင်္ဘောပျက်၍ သောင်တင်နေသူများ၊ မျက်စိလယ်လမ်းမှား၍ အစာပြတ်နေသူများ မျက်စိလယ်လမ်းမှား၍ အစာပြတ်နေသူများကို ဝင်ရောက်စွဲကပ်လေ့ရှိကြောင်း၊ ထိုရောဂါစွဲကပ်သူတို့မှာ အလွန်လျင်မြန်ဖျတ်လတ်၍ သန်မာပြီးလျှင် အခွင့်ရက လူသားကိုပင် စားသောက်တတ်ကြောင်းဖြင့် ပြောပြလေသည်။

ကုန်သင်္ဘောကြီးသည် စင်္ကာပူဘက်သို့ မောင်းနှင်



သွားလေရာ မိတ်ဆွေ ၆ ယောက် သေဆုံးခဲ့ရသော ကျွန်းကလေးသည် ပြာလဲ့သော ပင်လယ်ပြင်ကြီးနှင့်ရော၍ ကျန်ရစ်ခဲ့ ကိုခင်မောင်၏ မျက်စိအောက်မှ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားလေသည်။